
www.burmeseclassic.com

# ဒဿကျော်ရှာ

## တခြောက်ရုပ်တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေသူ | - ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ဦးဇော်မြင့်ဝင်း (ကာလာဖုံပုံနှိပ်တိုက်) |
| မျက်နှာဖုံးဒီဇိုင်း | - America |
| ပုံနှိပ်ခြင်း | - ပထမအကြိမ်၊ လ၊ ၂၀၁၂ ခုနှစ်၊ |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၂၀၀၀ ကျပ် |

၈၉၅.၈၃
ဒဿကျော်စွာ
စာခြောက်ရုပ်တစ္ဆေ / ဒဿကျော်စွာ
- ရန်ကုန် ၊ အိပ်မက်အသစ်၊ ၂၀၁၂။
(၃၀၄) စာ၊ ၁၂.၂ × ၁၈.၁ စင်တီ။
(၁) စာခြောက်ရုပ်တစ္ဆေ


www.burmeseclassic.com

www.burmeseclassic.com

## အပ်မက်အသစ်မှဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | |
|---|---|
| ✸ ကမ္ဘာ့ထိတ်လန့်သည်းဖိုဝတ္ထုများ | ဒဿကျော်စွာ |
| ✸ ဟာတ်ဒစ်ထဲကမယ်လိုဒီ | သည်ခေတ်နေ |
| ✸ မန္တလေး | သည်ခေတ်နေ |
| ✸ ငါ့ရင်ဘတ်နဲ့ကွက်တိတော်တဲ့သူ | ညေး |
| ✸ မတော်တဆနှုတ်ခမ်းရာ | ညေး |
| ✸ စိတ်ဆိုးနေတဲ့သချာ | ညေး |
| ✸ နှင်းဝတ်ရုံခြုံတဲ့ဆောင်း | မျှားသူ |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit
38, 3rd Fl., 153rd Lane,
Tamwe Tsp. Ygn.
Ph : 551403,09 730 53 703

# ဿယကျော်စွာ

## တခြောက်ရုပ်တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက်...

မိုးစံ၏ နားတွင် ခေါ်သံတစ်ခု ပီပီသသကြားလိုက်ရလေသည်။

ထူးခြားနေသည်က ထိုအသံကြားကြားချင်းမှာပင် သူမတစ်ကိုယ်လုံး ကြက်သီးမွေးညင်းများထသွားခဲ့ရခြင်း ဖြစ်ပါလေ၏။

ပုံမှန်အားဖြင့်ဆိုလျှင် ဆရာမစာသင်နေတုန်းကို မိုးစံ ဘယ်ကိုမှ အာရုံစိုက်လေ့မရှိ။ သူမက အတန်းထဲမှာ စာအတော်ဆုံးကျောင်းသူ မဟုတ်လား။

ခုတော့ ဘာကြောင့်ရယ် မသိ။ ထိုအသံကြား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းမှာပင် သူမအာရုံမစိုက်ဘဲ မနေနိုင်လောက်အောင် စိတ်ပျံ့လွင့်သွားရလေတော့သည်။

'မိုးစံရေ... သမီးရေ'

ဟော။ နောက်ထပ်တစ်ကြိမ် ကြားရပြန်လေပြီ။

မိုးစံရင်ဘတ်တွေ တဒိန်းဒိန်းတုန်လှုပ် အခုန်မြန်သွားရ၏။ ဘေးဘီ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်လိုက်သည်။ တခြား ကျောင်းသားကျောင်းသူအားလုံးကတော့ ဆရာမစာသင်သည်ကိုသာ ဂရုစိုက်နားထောင်နေကြပါလေသည်။

ပြီးတော့ သူတို့ကြည့်ရသည်မှာ ထိုအသံကို သူမလို ကြားရပုံမရှိခြင်းပင်။

'မိုးစံရေ'

ဒီတစ်ကြိမ်မှာတော့ မိုးစံ ထိုအသံပိုင်ရှင်ကို မှတ်မိသွားခဲ့ပါတော့သည်။

ဒါ... ဒါ ဦးလေးရဲ့ အသံပဲ။ ဒါပေမဲ့ ဦးလေးက ဒီမှာမှ မဟုတ်တာ။ ဒါပေမဲ့ ငါကြားလိုက်တာကလည်း ဦးလေးအသံမှ ဦးလေးအသံ အစစ်ပါလေ။



သို့သော် ကြားနေကျနှင့် ခြားနားစွာပင် ဦးလေး၏ အသံက တုန်ယင်လိုက်လှဲ၍ နေလေ၏။

အားအင်မရှိသလိုလို၊ အဝေးကြီးမှ လှမ်းခေါ်နေရသလိုလို တစ်မျိုးကြီးပါပဲ။ ထိုအသံကြားရသည်ကပင် စိတ်ထဲ ဝေဒနာတစ်ခုကူးစက်ခံသွားရသလို ရင်တုန်ပန်းတုန် ရှိလှန်းလှပါချေ၏။

ဒီတစ်ကြိမ်မှာတော့ မိုးစံ ဘယ်လိုမှ မနေနိုင်တော့။ နောက်ဘက် သိသိသာသာ လှည့်ကာပင် အသံထွက်ပေါ်ရာကို ရှာမိသည်။

ဦးလေးများ ကျောင်းရောက်လာသလား။

တွေးမိသော်လည်း မဖြစ်နိုင်မှန်း သိသည်။ သူမဦးလေးက ယင်းနေထိုင်ရာမြို့ကလေးမှ ဘယ်တော့မှ ခွာသူ မဟုတ်တာဘဲ။

ဒီတစ်ခါ ပေါ်ပေါ်တင်တင်ထွေ့ာက်ရှာမိတာဆိုတော့ တခြားသူတွေကလည်း အာရုံပြုမိလာသည်။ အနားတွင် ထိုင်နေသော သူငယ်ချင်းယုနွယ်က လက်တို့ကာ မေး၏။

www.burmeseclassic.com

'ဘာဖြစ်လို့လဲဟင် မိုးစံ'

'နင်... အသံတစ်သံကို မကြားရဘူးလားဟင်'

'ဘာလဲ... ဘာသံကြားရမှာလဲ၊ ဆရာမ စာသင်နေတာပဲ ငါတော့ ကြားတယ်၊ နင်က ဘာကြားလို့လဲဟင်'

ယုနွယ်က အင်မတန်စပ်စုသော ကောင်မလေးဖြစ်လေသည်။ တစ်စွန်းတစ်စ ကြုံလိုက်သည်နှင့် မရပ်နိုင်တော့။

သူမက အတင်းမေးနေသဖြင့် ဆရာမမှာ သူတို့အား လှမ်းသတိပြုမိသွားခဲ့ပါလေသည်။

'ဟဲ့... ဟိုနှစ်ယောက် ဘာတွေတွတ်တွတ်ထိုးနေကြတာလဲ၊ ဆရာမ စာသင်နေတာ ကောင်းကောင်းလိုက်နားမထောင်ဘူး၊ ဟုတ်လား၊ မတ်တတ်ရပ်စမ်း'

မိုးစံတို့နှစ်ယောက်သား လက်ကလေးတွေပိုက်ကာ မတ်တတ်ထရပ်နေကြရလေ၏။

'ဟုတ်ဘူး ဆရာမ၊ မိုးစံက အသံကြားတယ်ဆိုလို့'



ယုနွယ်က ဦးအောင်ဖြေလေသည်။

'ဟဲ့... ဘာသံကြားလို့တုန်း'

ဆရာမမေးသော် မိုးစံဖြေရခက်နေလေသည်။ သူမကြားတာတော့ တကယ့်ကို နားနဲ့ဆတ်ဆတ်ကြားလိုက်ရခြင်းပါ။ သို့သော် ဘယ်လိုပြောပြရမည် မသိ။

တစ်တန်းလုံး၏ ဝိုင်းကြည့်နေကြသော မျက်လုံးများအောက်တွင် မိုးစံ အံဖြေရခက်နေခဲ့လေသည်။ ပြီးတော့ ထိုသူများအားလုံးမှာ သူမကြားသလို ကြားပုံမရသဖြင့်လည်း မိုးစံဖို့ ဘာပြောရမှန်း မသိဖြစ်နေခြင်းပါပင်။

'မဟုတ်ပါဘူး ဆရာမ၊ ဟို... ဟို'

ထစ်ထစ်ငေါ့ငေါ့ဖြစ်နေရင်းက မိုးစံ ချွေးသီးချွေးပေါက်တွေ ကျလာခဲ့လေသည်။ ခုနက အသံကြီးကြားလို့ ရင်တုန်မပြေသေးရတဲ့ကြားထဲ ခက်လိုက်တာနော်။

'ဟဲ့... ဘာတွေ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေရတာလဲ၊ ငါမေးနေတယ်လေ၊ ဘာကြားလိုက်တာလဲလို့ မြန်မြန်ဖြေစမ်း'

www.burmeseclassic.com



ဆရာမက စိတ်မရှည်တော့ဟန် အသံမာမာဖြင့် အော်သည်။ မိုးစံမှာ ထိုသို့ တစ်ခါမှ အဆူမခံရဖူးသည်မို့ ရှက်တာရော၊ ကြောက်တာရောဖြင့် မျက်ရည်တွေ ဝဲလာမိလေတော့သည်။

'ဟုတ်ကဲ့ပါ ဆရာမ၊ ဟို… သမီးကြားလိုက်တာက…'

သို့သော် မိုးစံစကားကို အဆုံးမသတ်လိုက်ရပါချေ။ ရုတ်တရက် သူမတို့ စာသင်ခန်းဆီ လျှောက်လာသော ခြေသံနှင့်အတူ…

'မိုးစံရေ၊ ဆရာကြီးရုံးခန်းဆီ ခဏလိုက်ခဲ့ပါ'

ဟု ကျောင်းစာရေးကြီးက လာခေါ်လိုက်သော ကြောင့် ဖြစ်လေသည်။

❐

# အခန်း (၂)

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကများ လာခေါ်ပြီလား။

ဆရာကြီးရုံးခန်းသို့ မျှော်လင့်ချက်ဖြင့် သူမ အပြေးတစ်ပိုင်း သွားမိခဲ့လေသည်။

ခု သူမတက်နေသည်က နွေရာသီ အစိုးရ ကျောင်းပိတ်ရက်မှာ ဖွင့်သော ပရိုက်ဗိတ်စကူးခေါ် ပုဂ္ဂလိကကျူရှင်ကျောင်း ဖြစ်လေသည်။

သူမ မိဘတွေ အလုပ်တာဝန်ဖြင့် နိုင်ငံခြား ထွက်သွားကြတော့ ဒီကျောင်းမှာ ကျောင်းအိပ်ကျောင်း စားသဘော ပို့ထားခဲ့ကြသည်။

ကျန်တဲ့ အဘိုးတွေ၊ အဘွားတွေနဲ့ ဦးလေးက

www.burmeseclassic.com

www.burmeseclassic.com



တော့ နယ်မြို့ကလေးမှာ။ ဒီကျောင်းက နွေသုံးလလုံး ဖွင့်သော်လည်း သူမအား တစ်လသာ တက်စေကာ လာခေါ်မည်ဟု အဘိုးအဘွားများက ကတိပြုထားခဲ့ကြ၏။

ယခု သူတို့လာခေါ်တာပဲ ဖြစ်မည်။

ထိုစဉ်မှာပင် ခုနက ကြားလိုက်ရသော အသံအကြောင်း သတိရလိုက်မိသဖြင့် သူမကို လာခေါ်သူမှာ ဦးလေးများဖြစ်နေမလားလို့ ထင်လိုက်မိသေးသည်။

သို့သော် ဦးလေးက ခြေထောက်သိပ်မသန်သူမို့ နယ်မြို့ကလေးက ခွာသူမဟုတ်ပေဘဲ။

ရုံးခန်းထဲရောက်သောအခါမှ မိုးစံတစ်ယောက် စိတ်မောသွားရလေတော့သည်။ ရုံးခန်းထဲမှာ သူမနှင့် ပတ်သက်သော ဘယ်သူမှ ရှိမနေခဲ့ပါချေ။

ဆရာကြီးက အတွင်းမှ သီးသန့်ကာရံထားသော အခန်းကလေးထဲမှာ ရှိနေ၏။ ထိုနေရာ၏ အပြင်စားပွဲတစ်လုံးပေါ်မှာ တဖြောင်းဖြောင်းလက်နှိပ်စက်ရိုက်နေသော အန်တီတစ်ယောက်။



'သမီးကို ခေါ်တယ်ဆိုလို့'

လက်နှိပ်စက်ရိုက်နေသော အန်တီက မော့ကြည့်ကာ ဇဝေဇဝါဖြစ်နေသလို ရှိ၏။

'အေး… ဟုတ်တယ်လေ၊ ဖုန်းလာလို့ ခေါ်တာကွယ့်၊ ဟိုမှာ သွားကိုင်လိုက်လေ'

မိုးစံနောက်က လိုက်လာသော ကျောင်းစာရေးကြီးက ဝင်ပြောလိုက်ခြင်းဖြစ်ပါသည်။ သူပြောလေမှပင် အခန်းထောင့်ရှိ တယ်လီဖုန်းထားရာနေရာ၌ ဖုန်းခွက်လေးကို ဖုန်းအိမ်မှ ခွာကာ ဘေးချထားသည်ကို တွေ့ရလေသည်။

'ဟယ်လို… မိုးစံ ပြောနေပါတယ်'

ဖုန်းခွက်ကို မကာ ပြောလိုက်စဉ်မှာပင် တစ်ဖက်မှ လှိုက်လှဲသော အသံကို ကြားရလေ၏။

'အဘွားပြောနေတာပါ သမီးလေး'

'ဟာ… အဘွား၊ သမီးကို လာခေါ်ပြီလား ဟင်၊ သမီးက မျှော်နေတာ အဘွားရဲ့'

'အဲဒါပြောမလို့ သမီးလေးရယ်၊ အဘွားတို့ သမီးကို လာမခေါ်နိုင်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



အဘွားအသံမှာ တစ်မျိုးဖြစ်နေသလိုပဲဟု သူမ ထင်မိပါသေးသည်။ သို့သော် သိပ်ဂရုမထားမိ။

'ဟင်··· ဘာဖြစ်လို့လဲ အဘွားရယ်'

အဘွားက ရုတ်တရက် ဘာမှပြန်မဖြေ။ သက်ပြင်းချသံလိုလိုသာ ကြားလိုက်ရလေ၏။ မိုးစံဘာသာ ဆက်ပြောမိသည်။

'သမီးကလေ··· ခုနတောင် ဦးလေးအသံကို ကြားလိုက်သေးတယ်၊ ဒါကြောင့် ဦးလေးများ သမီးကို လာခေါ်မလားလို့ တွေးနေတာ၊ ဒါပေမဲ့ မဖြစ်နိုင်ပါဘူးနော်၊ ဦးလေးက မြို့ကခွာတာမှ မဟုတ်တာနော်၊ ခေါ်ခြင်းခေါ်ရင် ဘိုးဘိုးပဲ···'

မိုးစံစကားမှာ အဆုံးမသတ်နိုင်လိုက်ပါချေ။ အဘွားမှာ နဂိုက စိတ်ထိန်းထားသလိုရှိရာမှ ဆို့နစ်ကြေကွဲသွားသော အသံကြီးဖြင့်···

'သမီးဦးလေး မရှိတော့ဘူး မိုးစံရဲ့၊ ဆုံးပြီ'

ပြောပြောဆိုဆို ရှိုက်ကာငိုပါလေတော့သည်။

မိုးစံမှာ အံ့အားလည်း သင့်၊ ထိတ်လန့်တကြီးလည်းဖြစ်ကာ ဘာပြောလို့ ဘာလုပ်ရမယ်မှန်း မသိ။



အဘွား၏ ငိုရှိုက်သံများအား ဖုန်းထဲမှ ကြေကွဲဖွယ် ကြားနေရဆဲမှာပင်···

'မင်းကလည်းကွာ··· ကလေးကို ဘာလို့ကြို ပြောလိုက်ရတာလဲ'

ဟူသောအသံနှင့်အတူ ဖုန်းခွက်ကို ဘိုးဘိုးက ဆွဲယူသွားဟန် သိလိုက်ရလေသည်။

'မိုးစံရေ··· ဘိုးဘိုးပါ'

'ဘိုးဘိုး··· ဦးဦးက···'

'ဟင်း··· ဟုတ်တယ် ငါ့မြေးရယ်၊ ဒီလိုပဲ ယာထဲမှာ လဲကျဆုံးသွားတာကွယ့်၊ သူ့ကံကုန်လို့ နေမှာပေါ့ကွယ်'

'ဘယ်လိုဖြစ်တာလဲ ဟင်၊ ရုတ်တရက်ကြီး'

'ဒီလိုပါပဲ ငါ့မြေးရယ်၊ ဘိုးဘိုးက ဒီရောက်မှ ပြောမလို့ဟာ၊ နင့်အဘွား စိတ်မထိန်းနိုင်တာကြောင့် ငါ့မြေးသိသွားရပြီ၊ အရမ်းလည်း ဝမ်းနည်းမသွားနဲ့နော် ငါ့မြေး၊ လူဆိုတာ ဒီလိုပဲ၊ မွေးလာကတည်းက တို့အားလုံး သေဖို့ပြဋ္ဌာန်းပြီးသားပဲကွယ့်'

www.burmeseclassic.com

www.burmeseclassic.com



'ဦးဦးက အကောင်းကြီးပါ၊ ဘယ်လိုဖြစ်ပြီး'

'မူးလဲတာနဲ့ တူပါရဲ့ကွယ်၊ ယာတောထဲမှာ လုပ်ရင်းဖြစ်တာ ဘိုးဘိုးတို့လည်း မသိလိုက်ကြဘူး၊ သူကဲဆိုးသွားတာက မတော်တဆလဲကျသွားတဲ့နေရာ က ဩှောင့်ပေါ်ကြည့်တည့်ဖြစ်နေတာပေါ့၊ အချိန်တန် လို့ အိမ်ပြန်မလာတော့မှ လိုက်ရှာကြတော့ တွေ့ရတာ၊ အသက်မရှိတော့ဘူး သမီးရယ်'

မိုးစံမှာ စိတ်မထိန်းနိုင်စွာပင် မျက်ရည်များစီးကျ လာလေတော့သည်။

ဘိုးဘိုးက သူမငိုသည်ကို စောင့်ဆိုင်းနေဟန်ဖြင့် အတန်ကြာ အသံဆိတ်နေပြီးမှ…

'ကဲ… ကဲ… တိတ်ပါတော့ သမီးရယ်၊ အခု ဖုန်းဆက်တာက အဘိုးတို့ဆီ သမီးလာဖို့ကိစ္စ ပြောမလို့'

'ဟုတ်ကဲ့ အဘိုး'

'ခု ကျောင်းပိတ်ရက်အတွက် သမီးလာရင် သမီးသူငယ်ချင်းလေးပါ အလည်လိုက်ဖို့ဆို'



'ဟုတ်တယ် အဘိုး၊ ယုနွယ်ဆိုတဲ့ သူငယ်ချင်း က သူပါလိုက်မယ်လို့ ပြောထားတယ်၊ ဒါပေမဲ့ ခု အတိုင်းဆို သူမခေါ်တော့ပါဘူး'

'အို… မဟုတ်တာ၊ ခေါ်ခဲ့လေ၊ သမီးကို အဘိုး တို့ဆီ ပူပန်သောကတွေနဲ့ မလာစေချင်ပါဘူးကွယ်၊ ပျော်ပျော်ရွှင်ရွှင်ကလေးသာ လာခဲ့ပါ၊ သမီး အားလုံး ကို မေ့ပြီးတော့သာ လာခဲ့၊ သမီးသူငယ်ချင်းလေးလည်း ခေါ်လာခဲ့၊ အပျော်ခရီးသဘောပေါ့၊ ဘိုးဘိုးက သမီး အမြဲပျော်နေတာပဲ မြင်ချင်တာလေ၊ ဘိုးဘိုးတို့က ကိုယ်တိုင်တော့ လာမခေါ်နိုင်တော့ဘူးပေါ့၊ ဒါပေမဲ့ အကုန်လုံးစီစဉ်ထားပြီးသား၊ သမီး ရထားနဲ့ လာခဲ့လေ'

'သမီးတို့ချည်းပဲ လာရမှာလား ဟင် ဘိုးဘိုး'

'ဟုတ်တယ်ကွယ်၊ ဒါပေမဲ့ သမီးကို ဘိုးဘိုးရဲ့ မိတ်ဆွေ လက်မှတ်စစ်ကြီးကိုသိန်းတင်က ရှေ့တစ်ပတ် မှာ လာခေါ်လိမ့်မယ်၊ သူပါမယ့်ရထားနဲ့ သမီးတို့ လိုက်လာရုံပဲ'

'သူက လက်မှတ်စစ်ဆိုတော့ ရထားနဲ့ ဆက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားမှာပေါ့၊ သမီးတို့ မြို့ရောက်လို့ ဘူတာမှာ ဆင်းတဲ့အခါကျရင်ရော'

သူမတို့မြို့ကလေးက ရထားဘူတာရုံမှ နည်းနည်းဆက်သွားရပါသေးသည်။ သူမအဘိုးမှာ ယခင်က ရုံပိုင်လုပ်ဖူးသူမို့ မီးရထားဘက်တွင် အသိအကျွမ်းများ မှန်းသိသဖြင့် ရထားနှင့်သွားရမည့်ခရီးအတွက် မစိုးရိမ် သော်လည်း ဟိုဘူတာရောက်မှ တဝဲလည်လည်ဖြစ်နေမည်ကို စိုးရိမ်မိ၏။

'အဲဒီအတွက်လည်း ဘာမှပူစရာမလိုပါဘူးကွယ်၊ ဘိုးဘိုး အားလုံးစီစဉ်ထားပြီးပါပြီ၊ ကဲ··· ရှေ့တစ်ပတ်ကိုသာ ဆက်ဆက်လာခဲ့ကြစမ်းပါ'

'ရှေ့တစ်ပတ်မှလား ဘိုးဘိုး'

'ဟုတ်တယ်ကွယ့်၊ တိတိကျကျပြောရင် နောက်ဆယ်ရက်လောက်မှပေါ့၊ သမီးအဘွားကိုလည်း နေသာကျအောင်၊ သမီးတို့ ပျော်စရာခရီးလည်းဖြစ်အောင် ဘိုးဘိုး ဒီမှာ အားလုံးရှင်းလင်းထားချင်လို့ပါ'

ဩော်··· သမီးကို ပျော်စရာတွေကလွဲလို့ ဘာမှ




မတွေ့ကြုံစေချင်တဲ့ စေတနာတွေ သမီးနားလည်ပါတယ် ဘိုးဘိုးရယ်။

❖

www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com


www.burmeseclassic.com













www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







ထိုစဉ်မှာပင် နောက်ဘက်ဆီမှ ရွေ့လျားမှုတစ်ခု ဖျတ်ကနဲ တွေ့လိုက်ရသည်။









မိုးစံမှာ လေကြောင့် စာခြောက်ရုပ်လဲပြိုကျသည်ကို
ထိတ်လန့်ငေးမောသွားခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညပိုင်းတွင်ဖြစ်လေသည်။







ယုနွယ်က မယုံကြည်သော်လည်း မိုးစံကတော့ နံနက်မှာ မိုးဦးကို ပြောပြရန် ဆုံးဖြတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

မနက် ထမင်းစားခန်းတွင် ဦးသံဟိတ်လည်း ရှိနေပါလေသည်။









မိုးစဲပြောတာကို ဘယ်သူကမှ မယုံကြပါ။
သို့သော် ဖိုဗီဘာ ဝဲ့အားနေမှာ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





အောက်သို့ပြန်ရောက်ရောက်ချင်းမှာပင်
အပေါ်က လှမ်းကြည့်တုန်းက တခြောက်မှုန်မှိုင်နေခဲ့သော
နေရာသို့ အပြေးသွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com


သို့သော်
ထိုနေ့ရာထက်ဝိုက်
ဘယ်စာခြောက်ရုပ်မှ ရှိမနေခဲ့ပါချေ။







www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com















www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

www.burmeseclassic.com

www.burmeseclassic.com



'သမီးလေးရေ… မိုးစံ၊ ဘိုးဘိုးလေ၊ သတိထား ပါဦး'

ဘိုးဘိုးအသံကို ကြားလေမှ မျက်စိမှိတ်အောင် နေမိသော အဖြစ်ကို ရပ်တန့်ကာ မရဲတရဲ မျက်စိဖွင့် ကြည့်လိုက်မိသည်။

ကရုဏာမျက်နှာဖြင့် ငုံ့ကြည့်နေသော အဘိုးကို မြင်လေမှ အဘိုးရင်ခွင်ထဲ ဖက်ကာ ငိုကြွေးလိုက်မိ လေတော့သည်။

'ငါ့မြေးလေး သိပ်ကြောက်နေတယ်နဲ့ တူတယ်'

'မဟုတ်ပါဘူး၊ ဘိုးဘိုးက အသံမပေးဘဲ ဝင် လာတာကိုး၊ ရုတ်တရက်ဆိုတော့…'

www.burmeseclassic.com

www.burmeseclassic.com



'အင်း… ညင်ညင်သာသာ လုပ်ကိုင်တတ်တာ ကိုက ဘိုးဘိုးအကျင့်ဖြစ်နေပြီ၊ နောက်ဆို ဘိုးဘိုး သတိထားပါ့မယ်ကွယ်'

'ရပါတယ် ဘိုးဘိုးရဲ့၊ ဒါနဲ့ ဘိုးဘိုး ဘာကိစ္စ ရှိလို့လဲဟင်'

ဘိုးဘိုးက သူ့မမျက်နှာအား စူးစမ်းသလို တစ်ချက်လှမ်းကြည့်လေသည်။

'သြော်… သံဟိတ်အကြောင်း ပြောပြချင်လို့ပါ'

'ဟင်… ဦးသံဟိတ်၊ ဘာလဲဟင်၊ ဘာဖြစ်လို့လဲ'

ထိုနာမည်ကိုကြားရလေတိုင်း ထိုလူနှင့်ပတ်သက်လာတိုင်း မိုးစံမှာ ထိတ်လန့်တကြီးဖြစ်သွားတတ်လေမြဲ။

'ဘာမှမဖြစ်ပါဘူးကွယ့်၊ သူ့အပြုအမူတွေက နည်းနည်းထူးဆန်းနေတော့ သမီးတို့တွေ ယုန်ထင် ကြောင်ထင်တွေးပြီး လန့်နေမှာ စိုးလို့'



'အင်း… သူက တစ်မျိုးပဲနော်'

'ဟုတ်တယ်၊ ပြောရရင် သူက စိတ်သိပ်မမှန်ရှာဘူးကွယ့်'

'သြော်… ဟုတ်လား'

ဘာပဲဖြစ်ဖြစ် စိတ်မမှန်ဘူးဆို၍ မိုးစံရင်ထဲ သူ့အပြုအမူဆန်းဆန်းများအပေါ် ထိတ်လန့်နေမှု အနည်းငယ်ပြေသွားတာတော့ အသေအချာပဲဖြစ်ပါသည်။

'သူငယ်ငယ်က အရမ်းခေါင်တဲ့ ရွာမှာ နေခဲ့တာလေ၊ ပညာမသင်ခဲ့ရဘူး၊ ဒီတော့ အယူအဆတွေက လွဲနေတာပေါ့၊ ပြီးတော့ သူ လူမှန်းသိတတ်စလေးမှာ သူ့မိဘတွေကို ဓားပြတွေသတ်သွားကြတာကို သူ့မျက်စိရှေ့မှာတင် မြင်ခဲ့ရတာ'

'သြော်… ဖြစ်မှ ဖြစ်ရလေ'

'ဟုတ်တယ်၊ သမီးတို့လို အရွယ်တောင်မရောက်ရှာသေးတဲ့ လူမမည်လေးက တကယ့်သွေးမျက်စရှာ မြင်ကွင်းကြီးကို မြင်လိုက်တာကြောင့် သူ စိတ်မမှန် သလိုဖြစ်နေရတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ခုလို သိလိုက်ရတော့ မိုးစံရင်ထဲ ထိတ်လန့်မှုတို့ လျော့ပါးသွားသည်ကတော့ အမှန်။ သို့သော် စိုးရိမ်မှုတစ်မျိုး ဖြစ်ပေါ်လာခဲ့ပြန်၏။

'ဒါပေမဲ့ စိတ်မနှံ့တဲ့သူကို ဒီတိုင်းလွှတ်ထားလို့ ဖြစ်ပါ့မလား ဘိုးဘိုးရယ်၊ တော်ကြာ မဟုတ်တာတွေ လျှောက်လုပ်နေမှ'

'အန္တရာယ်ဖြစ်လောက်တာမျိုးတော့ သူ မလုပ်ပါဘူးကွယ်၊ ခြံထဲမှာ စာခြောက်ရပ်တွေ လျှောက်လုပ်တာမျိုးက လွဲလို့ပေါ့'

မည်သို့ပင်ဖြစ်စေ မိုးစံစိတ်ထဲ ထိုလူကြီးပေါ် ဘဝင်မကျနိုင်အောင်ရှိတာကတော့ အမှန်ပဲဖြစ်ပါလေသည်။

❒

# အခန်း (၄)

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဖြစ်သူ ယုနွယ်အား ပြောပြဖြစ်သည့် အခါမှာလည်း ထိုအတိုင်းပင် ထင်မြင်ကြောင်း သိရလေ၏။

'ဟုတ်တယ်ဟ၊ အဲဒီလူကြီး ကြည့်ရတာ မဟန်ဘူး၊ ငါ့စိတ်ထင် တစ်ခုခုမကောင်းတာကြံနေပုံပဲ'

'ဟယ်… နင်ကလည်း ငါ့ထက်တောင် ပိုဆိုးနေပြန်ပါပြီ၊ သူက ဘာများကြံနေရဦးမှာလဲ'

'ငါထင်တာတော့ အင်း… ဒီခြံကြီးကိုများ မီးတောင်ရှို့ပစ်ဖို့လား မသိဘူး'

'ဟယ်… မဟုတ်နိုင်တာ ယုနွယ်ရယ်၊ အဲဒီလို မီးရှို့လို့ သူ ဘာအကျိုးရှိမှာမို့လဲ'

'သူက စိတ်မနှံ့ဘူးဆို၊ ပြောလို့ ဘယ်ရမလဲ၊

www.burmeseclassic.com

www.burmeseclassic.com



သူ စာခြောက်ရုပ်တွေအများကြီး လုပ်ထားတာကို ကြည့်ပါလား၊ တစ်ခြံလုံး အနှံ့အပြားပဲ၊ အဲဒီထဲမှာ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေ ဘာတွေ ထည့်ထားချင်ထားမှာ'

'ဟယ်… နင်ကလည်း နိုင်ငံခြားကားတွေ ကြည့်ပြီး စိတ်ကူးယဉ်နေပြန်ပါပြီ'

'နင် ငါပြောရင် မယုံမရှိနဲ့နော် မိုးစံ၊ သေချာတယ်၊ သူ နင်တို့မိသားစုပေါ် မဟုတ်တာတစ်ခုခု လုပ်ကို လုပ်လိမ့်မယ်၊ အဲဒါလည်း တခြားရက်မှာ မဟုတ်ဘူး၊ လကွယ်ညမှာ လုပ်မှာ'

'လကွယ်ည… ဟုတ်လား၊ ဒါဆို မကြာခင် ရောက်တော့မှာပဲ၊ ဒါနဲ့ နင်က ဘာလို့ အဲဒီလိုပြောနိုင်ရတာလဲ'

'သူပဲ ပြောပြောနေတာပဲလေ၊ လကွယ်ညမှ ဖြစ်ရမှာတို့ ဘာတို့'

ဦးသံဟိတ် ထိုသို့ပြောခဲ့ဖူးသည်ကိုတော့ မိုးစံ အမှတ်ရမိသလိုရှိသည်။



ဘာပဲဖြစ်ဖြစ် အတွေးခေါင်တတ်သော ယုန္တယ် စကားကို မယုံသော်လည်း သတိထားတာတော့ မမှားဘူးဟု ထင်မိသည်။

သူမတို့ သံသယများ ပိုခိုင်မာသွားစေခဲ့သည်မှာတော့ မမျှော်လင့်သော တွေ့ရှိမှုတစ်ခုကြောင့်ပင် ဖြစ်ပါလေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေခင်းတွင်...

ယုန္တယ်နှင့် သူမတို့နှစ်ယောက်သား စွန်လွှတ်တမ်းကစားဖြစ်ခဲ့လေ၏။

ဖြစ်ချင်တော့...

မိုးအမြင့်ပေအတော်ရောက်လေမှ စွန်ကြိုးကမနိုင်ဘဲ ပြတ်တောက်သွားခဲ့လေ၏။

စွန်ကလေး တလူ့ပ်လူပ် လေဖြင့် လွင့်ပါသွားရာဆီ နှမြောတသစိတ်ဖြင့် သူတို့နှစ်ယောက်သား အပြေးလိုက်ခဲ့ကြလေ၏။

သို့သော် ကောင်းကင်ထက်မှ လွင့်ပါသွားသည့် အရာနောက် မြေပေါ်မှ လိုက်လို့ ဘယ်မီနိုင်ပါလိမ့်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



စွန်ကလေး တရွေ့ရွေ့ဝေးကွာ ပျောက်ကွယ်သွားသည့်အဆုံး မောလျှစွာဖြင့် ကောင်မလေးနှစ်ယောက်သား လက်မှိုင်ချမိကြလေ၏။

ထိုအချိန်တွင် မမျှော်လင့်ဘဲ သူတို့ရောက်ရှိလာခဲ့မိသော နေရာမှာ…

▢

အခန်း (၆)

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… မိုးစံ၊ ဟိုမှာကြည့်စမ်း၊ ဂိုဒေါင်အကြီးကြီးပါလား၊ အထဲဝင်ဆော့ကြရအောင်'

'ဟာ… အဲဒါ အရင်က ငါ့အဘိုး တွင်ခဲ့လုပ်တဲ့ ဂိုဒေါင်လေ၊ အခုတော့ ဘာမှမရှိဘူး၊ ဟိုနေ့က ငါပိတ်မိတယ်ဆိုတာ အဲဒီထဲမှာပေါ့'

'ဟယ်… ဟုတ်လား၊ အဲဒါဆို ငါဝင်မကြည့်တော့ဘူး၊ ဒါနဲ့ ဟိုဘေးက တဲကရော'

'အဲဒါ ဦးသံဟိတ်နေတာဟဲ့'

'လာဟာ… သွားချောင်းရအောင်'

ပြောပြောဆိုဆိုပင် ယုနွယ်က ပြေးသွားလေ၏။ မိုးစံမှာ တားမြစ်ချင်သော်လည်း မမီလိုက်တော့။

www.burmeseclassic.com

www.burmeseclassic.com



သူရှေ့ လိုက်သွားရ ကောင်းမလား။ ချီတုံချတုံ ဖြစ်နေစဉ်မှာပင် ယုန္တယ်မှာ တဲနားရောက်သွားလေတော့၏။

တဲနံဘေး ထရံကြားမှဖြဲကာ အတွင်းသို့ ယုန္တယ် နိုးကြည့်နေသည်ကို မြင်ရသည်။

ထို့နောက်…

ဘာမြင်သည် မသိ။

မိုးစံဘက် အထိတ်တလန့်မျက်လုံးများဖြင့် လှမ်းကြည့်ကာ အနားလာရန် လက်ဟန်ခြေဟန်ဖြင့် ပြလေသည်။

ခြေကို တတ်နိုင်သမျှ အသံလုံအောင် ဖော့နင်းကာ မိုးစံ ထိုနားသို့ တိုးကပ်သွားလိုက်သည်။ ယုန္တယ်က မိုးစံမြင်သာအောင် ယင်းချောင်းကြည့်နေသော အပေါက်မှ အနည်းငယ်ဖယ်ပေးသည်။

မိုးစံ မျက်စိတစ်ဖက်ကို မှိတ်ပြီး ဘယ်ဘက်မျက်လုံးတစ်ခုတည်းဖြင့် ချောင်းကြည့်လိုက်စဉ်မှာပင်…



မြင်လိုက်ရသော မြင်ကွင်းကြောင့် အရမ်းတုန်လှုပ်သွားခဲ့ရလေတော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

www.burmeseclassic.com

www.burmeseclassic.com



တဲထဲတွင်…

မိန်းမအဝတ်အစားများ ဝတ်ဆင်ထားသော…

စာခြောက်ရုပ်ကြီး တစ်ရုပ်။

စာခြောက်ရုပ်သာဆိုရသော်လည်း အဝတ်အစားတွေဝတ်ထားလိုက်ပုံကတော့ တကယ့်မိန်းမတစ်ယောက်အတိုင်း အပြည့်အစုံပင်ဖြစ်လေသည်။

အင်္ကျီ၊ လုံချည် အနီရောင်ရဲရဲ။

တကယ့်လူတစ်ရုပ်အတိုင်း လုပ်ထားခြင်းဖြစ်သည်။ ပြီးတော့ အရုပ်မျက်နှာကိုလည်း လူနဲ့မတူတူအောင် ခြယ်သထားပြန်တော့…

မိုးစံနှင့် ယုနွယ်မှာ လန့်မအော်မိအောင် ကိုယ့်ပါးစပ်တွေကိုယ် အတင်းပိတ်ထားကြရလေတော့၏။

ပြီးတော့…

www.burmeseclassic.com

www.burmeseclassic.com



ထိုအရုပ်ကြီးက မိုးနွယ်တို့ဘက် တည့်တည့် လှည့်နေခြင်းဖြစ်သည်။ ထိုလူပုံစာခြောက်ရုပ်ကြီးရှေ့ မှာတော့ တင်းတင်းမတ်မတ်ကြီး ရပ်တန့်လျက် ဦးသံ ဟိတ်။

အရုပ်ကြီးဘက် မျက်နှာပြုထားသည်ဖြစ်၍ မိုးစံ တို့ကို ကျောခိုင်းလျက်သား ရှိနေလေ၏။

နောက်မှ မြင်ရသော်လည်း ဦးသံဟိတ်၏ မူ မမှန်သောအဖြစ်ကို မြင်သာပါသည်။

လူတစ်ကိုယ်လုံးက လဲပြိုတော့မတတ် ဘယ် ညာယိမ်းထိုးလျက်။ ပါးစပ်ကလည်း ဆီမန်းမန်းသလို တစ်ခွန်းတည်းကို ထပ်ပြန်တလဲလဲ ရွတ်ဆိုနေလေ၏။

'လကွယ်ညမှ အားလုံးစမယ်'

'လကွယ်ညမှ အားလုံးစမယ်'

'လကွယ်ညမှ အားလုံးစမယ်'

❒

# အခန်း (၈)

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်ရောက်လာသည့် လကွယ်နေ့မှာတော့ မိုးစံတို့နှစ်ယောက်သား မနက်အစောကြီးကတည်းက နေမထိထိုင်မသာ ဖြစ်နေကြလေတော့သည်။

'လူကြီးတွေကို ဖွင့်ပြောလိုက်ပါလား မိုးစံ'

'ပြောလို့ ယုံပါ့မလားဟဲ့၊ ငါတို့ ဦးသံဟိတ်ရဲ့ အရိပ်အခြည်ကို စောင့်ကြည့်နေရမယ်၊ သူ့ဘက်က ထူးခြားလာတော့မှ တစ်ခါတည်း ပြောလိုက်ရင် ပြီးရောပေါ့'

'အေး···· အေး····ဟုတ်တယ်၊ သူ့ကို မျက်ခြည် မပြတ်စေနဲ့ဟဲ့'

ဦးသံဟိတ်ကလည်း ဒီနေ့မှ ငြိမ်ချက်သားကောင်း နေပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့စိတ်ထင်လို့လား မသိ။ မျက်နှာကပင် ခါတိုင်းထက် ပိုရွှင်လန်းနေသလိုလို။ လုပ်စရာ ကိုင်စရာရှိသည်များကို တက်တက်ကြွကြွလုပ်ကိုင်နေလေ၏။

နေ့ခင်းအချိန်ကျော်လာလို့ ဘာမှမထူးခြားတော့ မိုးစံတို့ အတွေးခက်ရချေပြီ။

'ဟဲ့ . . . ဟိုလူကြီး ဒီည ဘာမှမလှုပ်ရှားတော့ဘူး ထင်တယ်'

'ဒါပေမဲ့ လကွယ်ညလို့ သူ အသေအချာပြောနေသံ နှင်ရော ငါရော ကြားတာပဲ'

'အဲဒါ နောက်လာမယ့် လကွယ်ညလားမှ မသိတာ'

'ခုညမို့လို့ အဲဒီတုန်းက ပြောတာပေါ့၊ သေချာတယ်၊ ငါတော့ ဒီည ထူးကို ထူးခြားရလိမ့်မယ်လို့ ထင်တယ်'

ဘာပဲဖြစ်ဖြစ် မိုးစံကတော့ ယုန္တယ်လောက် မယုံကြည်တော့ပါ။ သူတို့ နားနှင့် ဆတ်ဆတ်ကြားမိ



တာ မှန်သော်လည်း ယင်းမှာ ဘာကိုဆိုလိုမှန်းမှ မသိတာလေ။

ညနေစောင်းစပြုလာတော့ သူတို့စိတ်များ အတော်ပေါ့လျော့၍လာခဲ့ချေပြီ။

ထိုစဉ် ဘိုးဘိုးက ပြောလာခဲ့သည်။

'ငါ့မြေးတွေကို မြို့တစ်ပတ် ကားမောင်းပို့မယ်'

တဲ့။ ဒီနေ့ကျမှ ဘိုးဘိုးကိုယ်တိုင် မောင်းမည်ဆိုသည်။ ဘာပဲဖြစ်ဖြစ် ဒီရောက်ပြီးကတည်းက လျှောက်လည်း သိပ်မလည်ဖြစ်တာမို့ သွားလည်း သွားချင်မိသည်။ ကားနှင့်ဆိုတော့ အရမ်းကြီးလည်း မကြာလောက်ထင်သည်နှင့် သူမတို့နှစ်ယောက် လိုက်သွားခဲ့လေ၏။

အသွားလမ်းတစ်လျှောက်ကတော့ အေးဆေးပါပဲ။ မြို့တစ်ပတ်လေညှင်းခံထွက်ရတာက အတော်ပျော်ဖို့ကောင်းသလို စိတ်ကို အတော်လတ်ဆတ်တက်ကြွစေ၏။ ဘိုးဘိုးနဲ့က ဟိုတစ်ခါ ဦးသံဟိတ်နဲ့ ကားစီးရတာလို မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… ဟိုရှုခင်းလေးက လှလိုက်တာ'

ဆိုတာနဲ့ ရပ်ပေးပြီးသား။ မုန့်ဆိုင်တကာလည်း ရပ်ပြီး သူတို့ကို ကျွေး၊ ဈေးဆိုင်တကာ ဝင်ဝယ်ပေးနှင့် နောက်ဆုံး သူတို့ကပင် အပြန်နောက်ကျမှာစိုး၍ အဘိုးအား ပြန်လောဆော်ရလေသည်။

'နောက်ကျရော ဘာဖြစ်လဲ မြေးတို့ရဲ့'

မိုးစံနှင့် ယုနွယ်နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

မည်သို့ဖြစ်စေ၊ ဒီညမှာတော့ ဦးသံဟိတ်ကို လုံးဝမျက်ခြည်ပြတ်မခံလိုပါ။

'သမီးတို့ ပြန်ချင်လို့ပါ ဘိုးဘိုးရယ်'

'ဟေ… ငါ့မြေးက ထူးထူးဆန်းဆန်း အလည်သွားရတာကို ပြန်ချင်တယ်တွေ ဘာတွေ ဖြစ်နေပါလား'

'ဟုတ်ပါဘူး၊ သမီးက အင်း… ခေါင်းထဲ ငြီးစီစီဖြစ်လာလို့'

'ဟုတ်လား၊ ဒါဆိုလည်း ပြန်တာပေါ့'



ပြဿနာက အပြန်လမ်းကျမှ ဖြစ်ပေါ်ခြင်းဖြစ်လေသည်။

ကား ရုတ်တရက်ထိုးရပ်သွားသည့်အခါ ပထမတော့ မိုးစံတို့ သိပ်ဂရုမထားမိ။

'ဘာဖြစ်တာလဲဟင် ဘိုးဘိုး'

'ဆီကုန်သွားတာကွယ့်၊ ဘယ့်နှယ်… လာကာနီးကလေးတင် အပြည့်ဖြည့်ခဲ့ပါသေးတယ်'

ဘိုးဘိုးက ကားဘေးသို့ ဆင်းလိုက်သည်နှင့် သူမတို့လည်း လိုက်ဆင်းကြလေသည်။

'ဒီနားမှာ ဓာတ်ဆီထည့်လို့ရတဲ့နေရာ မရှိဘူးလား'

'အင်း… ရှိပေမယ့် သိပ်မနီးဘူးကွယ့်၊ လမ်းကြုံလာတဲ့ ကားတစ်စီးစီးကိုပဲ အကူအညီတောင်းရမှာပဲ'

မိုးစံတို့ အနည်းငယ်တော့ စိတ်ပူစပြုလာလေပြီ။ ပါးစပ်မှထုတ်ကာပင် ညည်းညူမိလေသည်။

'ဒီနေ့မှပဲ ကားကြုံကလည်း လာခဲလိုက်တာနော်'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ယုနွယ်က တစ်စုံတစ်ခုကို တွေ့လိုက်သလို အလန့်တကြား လှမ်းပြောလိုက်သည်။

'ဟင်… ဟိုဟာ ဘာတွေလဲ'

သူမညွှန်ပြသည်က ကားအောက်ပိုင်း တစ်နေရာဆီသို့ ဖြစ်လေသည်။ သူမလက်ညှိုးညွှန်ရာသို့ အားလုံးလိုက်ကြည့်ကြရင်း ဘိုးဘိုးပင် မျက်မှောင်ရှုံ့သွားခဲ့လေ၏။

အနားသို့တိုးသွားပြီး ကြည့်သည်။

'ဟာ… ဓာတ်ဆီတွေ ယိုနေတာပါလား'

ဘိုးဘိုးက ပြောပြောဆိုဆို လက်နှိပ်ဓာတ်မီးသွားယူလာကာ သေချာလျှောက်ကြည့်သည်။

'ဟင်… ဆီတိုင်ကီပေါက်နေတာပဲ၊ ဘယ်လိုဖြစ်ပါလိမ့်'

ချက်ချင်းပင် မိုးစံနှင့် ယုနွယ်ကို အတင်းဆွဲခေါ်ကာ ထိုနေရာနှင့် ခပ်ဝေးဝေးသို့ ထွက်လာလေ၏။

'ဘာလို့လဲဟင် ဘိုးဘိုး'

'ဆီတိုင်ကီပေါက်နေတာ အန္တရာယ်ရှိတယ်၊



ဘာမှမဖြစ်ရင် တော်သေးရဲ့၊ တစ်ခုခုဖြစ်သွားရင် မလွယ်ဘူး'

မိုးစံတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြလေ၏။ ဒါ သမားရိုးကျတော့ မဟုတ်တန်ရာ။

'အိမ်မှာ ဒီကားကို ကိုင်တာ ဘယ်သူရှိလို့လဲ'

'ဘိုးဘိုးက လွဲရင်တော့ သံဟိတ်ပဲ ရှိတာပဲ၊ ဒါပေမဲ့ ဒီကောင် ဒီလောက်တော့ နမော်နမဲ့မနိုင်လောက်ပါဘူး'

ဘိုးဘိုးကို ဘာမှပြန်မပြောဖြစ်လိုက်။

ထိုအဖြစ် ကြုံလိုက်သောကြောင့်ပင် သူတို့အိမ်သို့ ပို၍အမြန်ပြန်ရောက်ချင်မိခဲ့ပါလေတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်ကြသောအခါ ညပိုင်း အတော် မှောင်နေခဲ့လေပြီ။

ပြန်ရောက်ရောက်ချင်းပင် သူတို့ခြံကြီး အရာ မယွင်းသေးသည်ကို ကြည့်ကာ သက်ပြင်းချမိကြလေ၏။

လမ်းမှာ တွေ့ရာ ကားကြုံနှင့် အတင်းတိုးဝှေ့ လိုက်လာခဲ့ကြရတာဆိုတော့ ဖတ်ဖတ်ကို မောနေလေ တော့၏။

တော်ပါသေးသည်။ ထိုကားကြုံနှင့်အတူ ပါလာ သူတစ်ယောက်မှာ ဘိုးဘိုး တွင်ခုံလုပ်ငန်းလုပ်စဉ်က တပည့်တစ်ယောက်ဖြစ်နေ၍ ကားကို သူပင်ကြည့်ရှု

www.burmeseclassic.com

www.burmeseclassic.com



ကာ အနီးဆုံး ညသိပ်ရန်နေရာသို့ ယူဆောင်သွားပေးမည်ဆို၏။ မနက်မှ ပြန်ယူသွားကြမည်ပေါ့။

ဘိုးဘိုးကတော့ မိုးစံတို့ကို အလိုလိုက်သည်မှာ နှစ်ယောက်မရှိ။

'ငါ့ကားက အရေးမကြီးပါဘူးကွာ၊ ကား အဟောင်းကြီးပစ်ထားခဲ့လည်း ဒီမြို့မှာ ဘယ်သူမှလာမဆွဲဘူး၊ ငါ့မြေးတွေ အိမ်အမြန်ပြန်ချင်တာ ပြန်ရဖို့ပဲလိုတယ်'

ထိုသို့ဖြင့်ပင်...

အိမ်ပြန်ရောက်ရောက်ချင်းမှာ မိုးစံတို့ခြံဝင်းထဲသို့ အမောတကော ဝင်လာကြလေ၏။

'ဘွားဘွားရေ... ဘွားဘွား'

ရုတ်တရက် ပြန်ထူးသံမကြားရ။

မိုးစံစိတ်ထဲ ထိတ်ခနဲဖြစ်၍သွားလေသည်။

'ဘွားဘွားရေ... ဘယ်ရောက်နေတာတုံး'

ချက်ချင်းပင် သူမအသံက ငိုသံပါလာသလိုရှိ၏။



'ဟဲ့... သမီး အဘွားက ဒီမှာလေ၊ ဘာလို့ကျူးအော်နေရတာတုန်း'

အိမ်နံဘေးတစ်နေရာမှ ထွက်လာသော အဘွားကို မြင်လိုက်မှ သက်ပြင်းချမိလေသည်။

ဟူး... တော်ပါသေးရဲ့။

'အဘွားကလည်း ဘာလုပ်နေရတာလဲ'

'ဒီမှာလေ မြေးတို့ ထမင်းစားရင် လတ်လတ်ဆတ်ဆတ်တို့ဖို့ တို့စရာအရွက်လေးတွေ သွားခူးတာ၊ ဘယ့်နှယ်တုံး... ဆာလာကြပြီလား'

ဟုတ်ပါရဲ့။ အဘွားပြောမှပင် ဗိုက်ဆာလာမှန်းသိသာမိရ၏။

'ဆာပြီ အဘွားရေ၊ အရမ်းပဲ'

ကမန်းကတန်း ထမင်းစားခန်းဆီ ပြေးကြ၏။

စားပွဲပေါ်မှာ အသင့်ပြင်ထားပေးသော ထမင်းဟင်းတွေက ပူပူနွေးနွေး။

'ကဲ... နင့်အဘိုး စောင့်မနေကြနဲ့တော့၊ သူကကားကိစ္စ သွားပြန်စီစဉ်ရဦးမှာတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'အဘွားရော စားပြီးပြီလား'

'ကြာပေါ့'

'ဟင်··· အဘွားကလည်း သမီးတို့ကိုတောင် မစောင့်ဘူး'

'စောင့်ရင်းနဲ့ နည်းနည်း နည်းနည်း စားသွားတာပဲ၊ ကုန်သာသွားရော သမီးတို့မှ ရောက်မလာတာကိုး၊ ဘယ်အချိန်ရှိပြီလဲကွယ်၊ အဘွားလည်း ဘယ်နေနိုင်တော့မလဲ'

'အလကားပြောတာပါ အဘွားရယ်'

ပါးစပ်က ပြောလည်း ပြော။ အငမ်းမရလည်း စားမိကြသည်။ ထမင်းတစ်ဝက်လောက်ကျိုးပြီး ဗိုက်အဆာနည်းနည်းပြေသွားတော့မှ ဖျတ်ခနဲသတိရမိသွား၏။

'ဦးသံဟိတ်ရော··· ဟင် အဘွား'

'အေးကွယ်··· သံဟိတ်တစ်ယောက် ညနေစောင်းကတည်းကကို မတွေ့ဘူး၊ ဒီညမှ ထူးထူးဆန်းဆန်း ထမင်းစားတောင် ပေါ်မလာတော့ဘူး'



အဘွားစကားသည် နှစ်ယောက်လုံး စားလက်စကို ရပ်တန့်သွားစေခဲ့၏။

နှစ်ယောက်ပြိုင်တူ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

နောက်တော့ မိုးစဲ၏ အိပ်ခန်းတွင်းတွင် အပြေးအလွှား တိုင်ပင်မိကြလေတော့သည်။

❖

'ဦးသံဟိတ်တော့ တစ်ခုခုကြံစည်နေပြီဟ'

'အေး··· တို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ'

'တို့တွေ သွားချောင်းကြည့်ကြမယ်၊ ပြီးမှ လက်ပူးလက်ကြပ် မဟုတ်တာတစ်ခုခုမြင်ရင် လူကြီးတွေ ပြန်လာခေါ်ကြမယ်'

'အေး··· ကောင်းတယ်၊ သွားစို့'

❖

www.burmeseclassic.com

www.burmeseclassic.com



ဒီညကျမှ . . .

အလင်းရောင်ကလည်း ဖျော့တော့အားနည်းလွန်းလှချေသည်။

လမိုက်ညမို့ လမသာရသည့်ကြားထဲ ကြယ်တွေကပါ ထွက်ပြူ ဖေးကူခြင်းမရှိကြ။ တကယ့်ကို အကာလဟုဆိုရမည့် အမှောင်တိုက်ဖုံးလွှမ်းနေသော အခါသမယပင်တည်း။

နှစ်ယောက်သား လက်ချင်းတွဲကာ လာခဲ့ကြရင်း မိုးစံနှင့် ယုနွယ်မှာ သည်းထိတ်ရင်ဖိုဖြစ်နေမိကြသည်။

ဦးသံဟိတ် ဘာများကြံစည်နေလိမ့်မလဲ။

သူတို့ရောက်သွားလျှင်ရော အချိန်မီပါ့မလား။

သူတို့နှစ်ယောက်ရဲ့ အစွမ်းလေးနဲ့ရော ဒီလူကြီးကို တားဆီးနိုင်ပါ့မလား။

❒

## အခန်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com



ဦးသံဟိတ်၏ တဲနားရောက်သောအခါ . . .

တွေ့လိုက်ရသော မြင်ကွင်းကြောင့် နှစ်ယောက်လုံး အံ့အားကြီးသင့်သွားခဲ့ရလေတော့သည်။

သူတို့ထင်သလိုမဟုတ်ဘဲ . . .

တဲကလေးမှာ ပကတိတိတ်ဆိတ်နေခြင်းကြောင့်ပင်တည်း။

အထဲတွင် လူသူတစ်ဦးတစ်ယောက်မှ မရှိသကဲ့သို့ မည်သည့်အခါကမျှ လူနေထိုင်ဖူးခြင်းမရှိသောနေရာကဲ့သို့ တဲကလေးက ငြိမ်သက်လွန်းလှချေသည်။

ယင်းသို့ . . .

ထူးထူးခြားခြား ငြိမ်သက်လွန်းနေခြင်းကပင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်မဟုတ်ကြောင်း အရိပ်အမြွက်ပြသနေခြင်းဟု ပြော ရပေတော့မည်။

ခြေသံလုံလုံဖြင့် အနားကပ်သွားကာ…

ခါတိုင်းကြည့်နေကျနေရာ တဲနံဘေးမှ နှစ်ယောက် သား ချောင်းကြည့်ကြလေသည်။

သို့သော်…

တဲအတွင်း၌…

အလင်းရောင် တစိုးတစိမျှမရှိသဖြင့်…

သူတို့ ဘာကိုမျှ မမြင်ကြရ။

'ဘယ်လိုလုပ်ကြမလဲ မိုးစံ'

'တဲထဲဝင်ကြည့်ကြရင်တော့ ကောင်းမယ်ဟ'

'ဟယ်… ဖြစ်နိုင်ပါ့မလား၊ ဟိုလူကြီးနဲ့ တိုးနေ မှဖြင့်'

'ဘယ်လိုလုပ်မလဲ၊ ညကလည်း အရမ်းကြီးကို မှောင်နေတယ်ဟ'

'တဲကို အပြင်ကပဲ ပတ်ပြီး သဲလွန်စရှာကြရ အောင်ဟာ'



'ကောင်းတယ်၊ နင်က ဘယ်ဘက်က ပတ်၊ ငါက ညာဘက်က ပတ်မယ်၊ ပြီးမှ နှစ်ယောက်လုံး ဒီနေရာမှာ ပြန်ဆုံမယ်၊ ဒါဆို တစ်ခုခုထူးခြားတာက တော့ တွေ့လိမ့်မယ်နဲ့တူတယ်'

'အိုကေ'

နှစ်ယောက်သား လမ်းခွဲလိုက်ကြလေ၏။

မိုးစံမှာ တစ်လှမ်းချင်း စမ်းစမ်း စမ်းစမ်းနှင့် လျှောက်လာခဲ့လေသည်။

ညကလည်း တိတ်ဆိတ်လွန်းလှချေ၏။

ပိုးကောင်မွှားကောင်ကလေးတွေ၏ အော်မြည်သံ မျှပင် မကြားရခြင်းက သည်းမခံနိုင်လောက်အောင် ရှိသည်။ စိတ်လှုပ်ရှားမှုကြောင့် မိုးစံတစ်ကိုယ်လုံး ချွေးစေးများ ပျံ့လာခဲ့လေ၏။

ရင်ဘတ်မှ ဒိန်းခနဲ ဒိန်းခနဲ တုန်လှုပ်နေသော ရင်ခုန်သံကိုပင် ကျယ်လောင်စွာ ကိုယ့်ဘာသာပြန်ကြား နေခဲ့ရလေ၏။

တဲကို ပတ်လည်း ပတ်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်လေရာအရပ်မှလည်း အထဲသို့ ချောင်းချောင်းကြည့်သွားခဲ့လေသည်။

သို့သော် ယခင်ကအတိုင်း ခြားနားမှုမရှိ။

ဘာဆိုဘာကိုမှ မြင်ရခြင်းမရှိပါချေ။

နောက်ဆုံး တစ်ပတ်ပြည့်သွားပြီး မူလနေရာသို့ ပြန်ရောက်ပြီထင်သောအခါတွင်မှ မိုးစံတစ်ယောက် စိတ်မောစွာ ရပ်တန့်လိုက်မိလေတော့သည်။

အနီးမလှမ်းမကမ်းတွင် ကြုံတင်ရောက်ရှိနေသော အရိပ်တစ်ခု။

'ယုန္တယ်လားဟင်'

လွှတ်ခနဲ တီးတိုးမေးလိုက်ပြီးမှ မှားသွားပြီမှန်း သိလိုက်သည်။ အရိပ်မှာ ယုန္တယ်ထက် အလုံးအထည် ပိုကြီးနေမှန်း ချက်ချင်းသတိပြုမိလိုက်လေ၏။

အရိပ်ရှင်က ဖျတ်ခနဲ သူမဘက်လှည့်လာလေ၏။ မိုးစံမှာ ထွက်ပြေးချင်သော်လည်း အရာရာနောက်ကျသွားခဲ့ရပြီဖြစ်လေသည်။

❐

# အခန်း (၁၁)

www.burmeseclassic.com

www.burmeseclassic.com



တဲထဲသို့ မိုးစံကို သံဟိတ်တစ်ယောက် အတော်ခက်ခက်ခဲခဲသွင်းယူခဲ့ရခြင်း ဖြစ်ပါလေသည်။

အတင်းပင် သံကုန်ခြစ်ကာ သူမအော်သည်။ တွန်းထိုးရိုက်ပုတ်၍ လွတ်မြောက်အောင် ပြု၏။

သို့သော် ကလေးအားနှင့် လူကြီးအားမို့ မနိုင်းယှဉ်သာ။ အရေးထဲ ယုန္တယ်ကလည်း ဘယ်ရောက်သွားလေသည် မသိ။ အရိပ်အယောင်ကလေးမှ မမြင်မိခဲ့ပါချေ။

တဲထဲရောက်ရောက်ချင်းပင်…

သံဟိတ်က မိုးစံ ထွက်မပြေးနိုင်အောင် ခြေလက်များအား တုပ်နှောင်ထားလိုက်လေတော့၏။

ပြီးတော့ ပါးစပ်ကိုလည်း မအော်နိုင်အောင် ဆို့

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အဆိုးဆုံးမှာတော့ မျက်လုံးများကိုပင် မမြင်နိုင်အောင် စည်းနှောင်ဖုံးကွယ်ထားလိုက်ခြင်းပင်တည်း။

အတန်ကြာ လှုပ်ရှားရုန်းကန်သေးသော်လည်း မဖြစ်နိုင်တော့မှန်းသိ၍ နောက်ဆုံးမှ လက်လျှော့ကာ မိုးစံတစ်ယောက် ငြိမ်ငြိမ်သက်သက် နေလိုက်ရတော့သည်။

'အေး… ဒီလိုမှပေါ့၊ သိပ်ဆူဆူညံညံမလုပ်နဲ့၊ ငါ့အမေက မကြိုက်ဘူး'

တဲထဲရောက်ကတည်းက ယခုမှပင် သံဟိတ်က စကားစပြောခြင်းဖြစ်လေသည်။

မိုးစံသိသလောက်တော့ ထိုတဲမှာ သံဟိတ်တစ်ယောက်တည်းသာ နေခြင်းဖြစ်လေသည်။ ဒီလူကြီး ဘာတွေစိတ်ရှုပ်ပေါက်ပြီး ပြောခြင်းဖြစ်လိမ့်မလဲ။ အသာငြိမ်ပြီး နားထောင်နေမိလေသည်။

'မင်းက လိမ္မာသားပဲ၊ မင်းဦးလေးတုန်းက အဲဒီလို ငြိမ်ငြိမ်သက်သက်မနေလို့ အလကား မသေသင့်ဘဲ သေသွားရတာ'



ဒါဆို ဦးလေးသေတာ သမားရိုးကျမဟုတ်ဘူးပေါ့။ ဒီလူကြီး သတ်လိုက်တာလား။ မိုးစံရင်ထဲ ကြေကွဲမှုနှင့် ထိတ်လန့်ခြင်းပေါင်းကာ မျက်ရည်တွေ စီးကျလာမိခဲ့လေသည်။

ဦးသံဟိတ်ထံမှ စကားသံ တိတ်သွားပြန်လေ၏။ တရှပ်ရှပ်နှင့် ခြေသံများကို ကြားရသည်။ ထို့နောက် စားသွေးနေသော အသံလိုလို။ မျက်လုံးများအား ပိတ်စည်းထားသဖြင့် ဘာမှမမြင်ရ။

ဘုရား… ဘုရား ဒီလူကြီး ငါ့ကို သတ်တော့မှာပါလား။

မိုးစံမှာ မိုက်ခနဲဖြစ်သွားချင်မိ၏။ သို့သော် အားတင်းကာ ကိုယ့်ကိုယ်ကို ထိန်းရသည်။

ဘာလုပ်မလဲ။

စဉ်းစားစမ်း။

ငါ ဒီတိုင်းကြောက်နေလို့တော့ မဖြစ်ဘူး။

လက်တွေ၊ ခြေတွေကို တုပ်ထားတော့ ရုတ်တရက် ထပြေးဖို့တော့ မလွယ်ဘူး။ ဘာပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ယုန္တယ်တော့ ငါပျောက်သွားတာ သိမှာပဲ။ သိရင် လူကြီးတွေကို သွားပြောရင် ပြော၊ ဒါမှမဟုတ် တစ်နည်းနည်းတော့ ငါ့ကိုကယ်ဖို့ ကြိုးစားမှာပါ။

လောလောဆယ် ဦးသံဟိတ်ကို ခဏလောက်ထိန်းထားနိုင်ဖို့ ကြိုးစားရမယ်။

ဒီလူကြီး စိတ်မှန်တာမဟုတ်ဘူး။

ငါ့ကို တစ်ခုခုမလုပ်အောင် ကြာကြာအချိန်ဆွဲထားမှပဲ။

ပါးစပ်က ဝူးဝါးဝူးဝါးဖြင့် လှမ်းအသံပြုလိုက်သည်။ ဦးသံဟိတ် ချက်ချင်းအနားရောက်လာခဲ့၏။

'ဘာဖြစ်လို့လဲဟင်၊ ဘာလဲ'

အသံပြုပြန်၏။

'တစ်ခုခုပြောချင်လို့လား'

ခေါင်းညိတ်ပြလိုက်သည်။

'မအော်နဲ့နော်၊ အော်ရင် ပြန်စည်းထားမှာ'

ပြောပြောဆိုဆို ပါးစပ်ထဲဆို့ထားသည်များကို ဖယ်ရှားပေး၏။



'သမီးဦးလေးကို ဦးသံဟိတ် သတ်လိုက်တာလားဟင်'

အသံထွက်လာနိုင်ချင်းမှာပင် မိုးစံ မေးမိ၏။

'ငါမသတ်ဘူး၊ ငါ့အမေ လုပ်လိုက်တာ'

'ဦးသံဟိတ်အမေ'

သူ့မိဘနှစ်ပါးလုံး ကွယ်လွန်သွားပြီဟု ဘိုးဘိုးပြောတာ မှတ်မိလိုက်လေသည်။ သို့သော် စကားမမှားအောင် ထိန်းပြောရ၏။

'ဦးသံဟိတ်အမေကို သမီး တစ်ခါမှ မတွေ့ဖူးဘူးနော်'

'တွေ့ဖူးပါတယ်၊ ဟိုတစ်ခါကတောင် နင်တို့လာချောင်းကြည့်သေးတယ်လေ'

လက်စသတ်တော့ ဟိုတစ်ခါ တွေ့သည့် တဲထဲမှ မိန်းမအဝတ်ပတ်ထားပေးသည့် စာခြောက်ရုပ်ကြီးကို ပြောနေတာပဲ။

'သမီးတို့ အဲဒီတုန်းက ချောင်းကြည့်တာကို ဦးသံဟိတ် သိတယ် ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'သိတာပေါ့၊ ဒီနေ့လာမယ်ဆိုတာလည်း သိတယ်၊ ဒါကြောင့် အသင့်စောင့်နေတာ'

လက်စသတ်တော့ ဒါဟာ ထောင်ချောက်တစ်ခုပေပဲ။

ကိုယ့်ကိုယ်ကို မကျေနပ်စရာကောင်းသည်က ထောင်ချောက်ထဲမှ တည့်တည့်တိုးဝင်မိနေခြင်းဖြစ်လေသည်။

'ဦးသံဟိတ်က ကြိုတင်ကြံစည်ထားတာပဲ'

'ဒါပေါ့··· နင့်ဦးလေးတုန်းကလို လွဲချော်လို့ မဖြစ်ဘူးလေ၊ ဒါကြောင့် အကုန်သေချာစီစဉ်ထားတာ၊ ဒီညပြီးရင်တော့ ငါ့အမေ ပြန်ရှင်လာနိုင်ပြီ၊ ဒီညက စပြီး သားတို့ မခွဲကြတော့ဘူး အမေရယ်၊ နော်'

ပြောပြောဆိုဆို သူ့အမေဆီ စိတ်ရောက်သွားပြန်ပုံပေါ်၏။ မိုးစံနှုတ်ခမ်းကိုက်ကာ အပြင်းအထန်တွေးမိသည်။ ဒီလူကြီး ငါ့ကိုသတ်ဖို့ဆီ အာရုံမရောက်အောင် ဘာပြောနေရင် ကောင်းမလဲ။ စဉ်းစားစမ်း။

'ဟိုစာခြောက်ရုပ်တွေ အများကြီးလုပ်ထားတာ



ကရော၊ တစ်ခုခုအတွက် ကြိုတင်ကြံစည်ထားတာပဲလားဟင်'

'အဲဒါ စာခြောက်ရုပ်တွေ မဟုတ်ဘူး၊ လူတွေ၊ မကြာခင် လူဖြစ်လာတော့မယ့်ဟာတွေ၊ ငါ့အမေနဲ့အတူ သူတို့အားလုံး အသက်ဝင်လာကြတော့မယ်၊ ဟား··· ဟား··· ဟား···'

'ဟို··· ဦးသံဟိတ်အမေက အသက်မဝင်သေးဘူးလား'

'ဒါပေါ့၊ နင့်ဆီက အသက်ကို သူ့ထဲပြောင်းပေးမှ အသက်ဝင်မှာပေါ့၊ ကဲ··· ပြောနေကြာတယ်၊ နင့်မြန်မြန်စီရင်ပြီး နှလုံးသားကို သူ့ထဲသွင်းလိုက်မှပါပဲ'

သူမစကား မှားသွားပြီးမှန်း သိလိုက်သည်။ ချက်ချင်းပြန်ပြောရ၏။

'ခဏ··· ခဏလေးနေပါဦး၊ သမီးနှလုံးသားကို အဲဒီထဲ ထည့်လိုက်တာနဲ့ပဲ ဟိုစာခြောက်ရုပ်က အသက်ရှင်လာရောလား'

'အေးလေ··· စာခြောက်ရုပ်တွေက နဂိုကတည်း

www.burmeseclassic.com

www.burmeseclassic.com



က အသက်ရှိတယ်၊ နင်မသိဘူးလား၊ ဒါကြောင့် စာကလေးတွေကို မောင်းထုတ်နိုင်တာပေါ့၊ သူတို့မှာ ငါတို့လို မလှုပ်ရှား မသွားလာနိုင်တာပဲရှိတယ်'

'စာခြောက်ရုပ်တွေက အသက်ရှိတယ်၊ ဘယ်သူက ပြောလဲ'

'ဟ... ငါ့အမေက ပြောတာပေါ့၊ နင့်အမေရော နင့်ကိုမပြောပြဘူးလား၊ ဒါကြောင့် စာခြောက်ရုပ်တွေကို မဖျက်ဆီးရဘူးလို့ အမေက မှာတယ်၊ အမေ့ကို ဓားပြတွေသတ်တော့လည်း အမေက စာခြောက်ရုပ်ဆီပြေးဖက်ပြီးမှ လဲကျသွားတာ၊ အဲဒါ သူ့ဝိညာဉ်ကို စာခြောက်ရုပ်ဆီ သွင်းခဲ့တာလေ၊ တော်သေးတာပေါ့၊ ငါက စာခြောက်ရုပ်ကို အသက်သွင်းတဲ့ ပညာစဉ်ပုရပိုက် ရလိုက်လို့'

'လကွယ်ညမှာမှ သွင်းရတာလား'

'ဟုတ်တယ်၊ နက္ခတ်ကြုံတဲ့ညမှ'

မိုးစံ ဆက်လက်ဟန်ဆောင်ခြင်းမှာ မတတ်နိုင်တော့။ သူမ အရမ်းကို တုန်လှုပ်၍နေလေပြီ။



'ကျွန်မ... ကျွန်မကို ဦးသံဟိတ် သတ်မလို့လား ဟင်၊ မသတ်ပါနဲ့၊ ကျွန်မကို မသတ်ပါနဲ့နော်'

'ငါမသတ်ပါဘူး၊ ငါ့အမေလုပ်မှာပါ'

'ဟင်... ရှင့်အမေ'

'ဟုတ်တယ်၊ ကဲ... ပြောနေကြာတယ်၊ အမေ့ကို ခေါ်လိုက်တော့မယ်'

ပြောပြောဆိုဆို ဦးသံဟိတ်တစ်ယောက် ဘာတွေ ရွတ်ဖတ်နေမှန်း မသိပါချေ။ လှုပ်ရှားသံများလည်း ကြားရချေ၏။ ခက်ခဲသော အစီအရင်တစ်ခုတော့ စီရင်နေပုံပါပဲ။

မျက်စိက မမြင်ရသဖြင့် အသံလာရာဆီသာ နားစွင့်ကာ နားထောင်နေရလေသည်။

ခဏအကြာမှာတော့...

အသံအားလုံး ရုတ်တရက်ငြိမ်ကျကာ ရုတ်ခြည်း တိတ်ဆိတ်၍သွားလေတော့သည်။

တစ်မိနစ်။

နှစ်မိနစ်။

www.burmeseclassic.com

www.burmeseclassic.com



သုံးမိနစ်။

ဦးသံဟိတ်ကို ကြောက်သော်လည်း တိတ်ဆိတ်မှုကို မခံရပ်နိုင်။

အသံတုန်တုန်ဖြင့် လှမ်းခေါ်ကြည့်မိ၏။

'ဦးသံဟိတ်'

ပြန်ထူးသံ မကြားရ။ နောက်တစ်ကြိမ် ခေါ်မိပြန်၏။ ထိုစဉ်မှာပင်…

တစ်စုံတစ်ခုရွေ့လျားလာသော အသံကို ကြားလိုက်ရလေတော့သည်။

လူတစ်ယောက် လမ်းလျှောက်လာတာမျိုး မဟုတ်။ သူမသိသော သတ္တဝါတစ်ကောင်ကောင် သွားလာသံမျိုးလည်း မဟုတ်။

ယခုရွေ့လျားလာသံက ဘာနဲ့မှကို မတူ။

လူတစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်လာမိ၏။ အရိုန်အင်အားတစ်ခုက ရုတ်ခြည်းကြီးစိုးလိုက်သလို ထင်ရသည်။

အော်လိုက်ချင်သော်လည်း ပါးစပ်က အသံ



မထွက်နိုင်။ အမှတ်သညာတွင် တစ်စုံတစ်ခုအား ချက်ချင်းသတိရသွားမိလေ၏။

ဒါ ဟိုနေ့က ဂိုဒေါင်ကြီးထဲမှာ ငါပတ်မိနေတုန်းက ကြားရတဲ့ ရွေ့လျားသံလိုမျိုးပဲ။

အသံကြီးက တရွေ့ရွေ့ဆက်ကာ လာနေဆဲဖြစ်သည်။

နီးလာလေလေ ပိုပြီးကျယ်ကျယ်လောင်လောင် ကြားရလေလေ။ သေချာသည်။

ဒါ ဘယ်လိုမှ လူတစ်ယောက်လှုပ်ရှားလာသံမျိုး မဟုတ်။

ဆက်လာရင်းမှ…

အသံရှင်မှာ…

မိုးစပ်ရွေ့တည့်တည့်အရောက်တွင်…

ရပ်တန့်လိုက်ပါလေတော့သည်။

အဝတ်ကြီးစည်းထားသည့်အောက်မှ အတင်းအားယူကာ ကြည့်သည်။ မည်းမည်းသဏ္ဍာန်ကြီးလိုလို မြင်ရသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မိုးစံတစ်ကိုယ်လုံး ဇောချွေးတွေ ပျံ့နေလိုက်တာမှ ရွှဲနစ်နေလေတော့၏။

အဲဒါကြီးက ဘာလို့ ငါ့ရှေ့တည့်တည့်ရပ်နေရလဲ?

ငါ့ကို ဘာလုပ်မလို့လဲ?

ငါ့နားမလာနဲ့၊ သွား?

အခွန်းပေါင်းများစွာ စိတ်ကပြောနေသော်လည်း အသံတော့ တစ်စက်မှ ထွက်မလာ။

ထိုအချိန်လေး တဒင်္ဂသည် ဘဝတစ်ခုလုံးစာမျှ ကြာမြင့်သလို ထင်ရလေ၏။

သူမရှေ့…

တည့်တည့်ရပ်တန့်နေရာမှ…

ထိုအရာသည်…

သူမရင်ဘတ်ဆီသို့ လက်လှမ်းလိုက်လေ၏။

အထိအတွေ့တစ်ခုကို ရလိုက်သည်။

ပထမ မာကျောကျောအထိအတွေ့။

နောက် ချက်ချင်းပင် လူတစ်ယောက်၏ လက်



တစ်ဖက်ဖြစ်သွားလေ၏။ လက်မှ ဦးသံဟိတ်လို မာမာကျောကျောယောကျ်ားကြီးလက် မဟုတ်။

မိန်းမတစ်ယောက်၏ ပျော့ပျော့ပျောင်းပျောင်းလက်တစ်ဖက်က သူမရင်ဘတ်အား လာရောက်ထိတွေ့လေသောအခါ…

မိုးစံမှာ…

ငယ်သံပါအောင် အော်ရင်း မေ့မြောလဲကျသွားရလေတော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

www.burmeseclassic.com

www.burmeseclassic.com



သူမ သတိပြန်ရလာသောအခါ…

မျက်စိရှေ့တွင် စည်းနှောင်ထားသော အဝတ်များ ဖယ်ရှားပြီးဖြစ်နေလေပြီ။

မျက်စိဖွင့်ကြည့်တော့ အနားမှာ ဘိုးဘိုး၊ ဘွားဘွားနှင့်တကွ လူတွေအများကြီးရောက်နေကြတာကို တွေ့ရသည်။ ယုန္တယ်က သူမနံဘေးတွင် ရပ်ကာ သူမရင်ဘတ်ပေါ် လက်ကလေးတစ်ဖက် တင်ထားလေသည်။

'သမီး သတိရလာပြီလား၊ မကြောက်နဲ့တော့နော်၊ အားလုံးရှင်းသွားပြီ'

ဘိုးဘိုးက နှစ်သိမ့်သည်။ ဘွားဘွားက မျက်ရည်လည်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး... ငါ့မြေးလေး မသေကောင်း မပျောက်ကောင်း'

'ဦးသံဟိတ်ရေဟင်'

'ထွက်ပြေးသွားတယ်လေ၊ ရဲတွေရော လူတွေရော ပေါင်းပြီးလိုက်ရှာနေကြတယ်၊ မကြာပါဘူး၊ မိမှာပါ'

သို့သော် အသက်ရှင်လျက်တော့ ဖမ်းမမိခဲ့ကြပါ။ အပြင်းအထန်ခုခံသဖြင့် လက်လွန်သေဆုံးသွားကြောင်း သိရလေသည်။

မိုးစံက သူမကြုံတွေ့ရသော ကြောက်စရာအဖြစ်ဆိုးအား အဘိုးကို ပြောပြဖြစ်သည်။

'ဒီသူငယ်ဟာ အဘိုးထင်တာထက် စိတ်ရှုးပေါက်သွားတာပဲ၊ ပညာကလည်း မတတ်တော့ သူမိဘပြောစကားကို စိတ်မှာ အသေစွဲခဲ့ဟန်တူတယ်၊ တောရွာမှာ နေကြတော့ လူကြီးတွေက စာခြောက်ရုပ်တွေကို မဖျက်ဆီးရအောင် စာခြောက်ရုပ်မှာ အသက်ရှိတယ်၊ ဘာညာပြောထားမှာပေါ့၊ အဲဒါကို အသေစွဲမှတ်ထား



ဟန်တူတယ်၊ ဒီကြားထဲ စားပြဲတွေသတ်လို့ သူ့အမေသေတော့လည်း စာခြောက်ရုပ်နားမှာ သေဟန်တူပါတယ်၊ ဒီသွေးသံရဲရဲမြင်ကွင်းကိုလည်း လူမမည်လေးမှာ မြင်လိုက်ရတော့ ထင်မိထင်ရာထင်ပြီး စိတ်ရှုးပေါက်သွားတာနေမှာ'

'သူ့မှာ ပုရပိုက်တစ်ခုရထားတယ်လည်း ပြောသေးတယ် ဘိုးဘိုးရဲ့၊ စာခြောက်ရုပ်ကို အသက်သွင်းတဲ့ပညာတွေ ပါတယ်ဆိုလား'

'ဒီပုရပိုက်ပြောတာ ထင်ပါတယ်ကွာ'

ဘိုးဘိုးက တစ်ဝက်တစ်ပျက်မီးကျွမ်းနေသော ပုရပိုက်တစ်ခုကို ယူလာပြလေသည်။

'ဟင်... ဘိုးဘိုး ဘယ်ကရတာလဲဟင်'

'သမီးကို ကယ်ရင်း သံဟိတ်တဲထဲက ရတာလေ၊ ဘိုးဘိုးတို့က မီးတုတ်တွေနဲ့ လာကြတာမို့ ရှန်းရင်းဆန်ခတ်ကြားမှာ မီးလောင်သွားတယ်ကွယ်၊ နည်းနည်းလေးကျန်တဲ့အပိုင်းအစတွေလို့ ဘာများလဲဆိုပြီး ကောက်လာတာ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီမှာ ဘာတွေရေးထားတုန်း'

'နည်းနည်းလေးပဲ ဖတ်လို့ရတယ်၊ ရှေးကျတဲ့ ဘာသာစကားတစ်မျိုးနဲ့ ရေးထားဟန်တူတယ်၊ ဘိုးဘိုး တော့ ဖတ်မရပါဘူးကွယ်'

'မီးလောင်သွားတဲ့အစိတ်အပိုင်းမှာရော ဘာတွေ ပါသွားလဲမှ မသိတာနော်'

'ဒီလိုပဲနေမှာပါ သမီးရယ်၊ သံဟိတ်က စိတ် မမှန်တော့မှတော့ ထူးထူးဆန်းဆန်းပုရပိုက်တစ်ခုရတဲ့ အခါ သူထင်ချင်သလို ထင်သွားတာနေမှာပေါ့'

'အဲဒီတုန်းကလေ သမီးရင်ဘတ်ပေါ်ကို လက် တစ်ခုရောက်လာတယ်၊ မိန်းမလက်လိုပဲ'

'ဟုတ်လား၊ ဘိုးဘိုးတို့ရောက်တော့ တဲထဲမှာ သမီးနဲ့ သံဟိတ်ပဲ တွေ့ပါတယ်၊ တခြားသူ မရှိပါဘူး၊ လန့်ပြီးမေ့သွားတော့ ထင်ချင်သလို ထင်မိတာနဲ့ တူပါ တယ်ကွယ်၊ ကဲ... ညည့်တောင် အတော်နက်နေပြီ၊ အိပ်တော့နော် သမီး၊ မနက်လင်းရင် အားလုံးမေ့ပြီး သမီး အင်သစ်အားသစ်နဲ့ နိုးလာမှာပါ၊ လကွယ်ညက



အဖြစ်တွေကို ဟောဒီလကွယ်ညမှာပဲ ထားခဲ့ကြရအောင် လားကွယ်'

□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးပြောသလိုပင် နောက်တစ်နေ့ မိုးလင်းသည့်အခါ အားလုံးရှင်းလင်းနေသည်ကို တွေ့ရလေ၏။

သူမတို့ ခြံထဲရှိ စာခြောက်ရုပ်များအားလုံး မီးလောင်ကျွမ်းပြီးဖြစ်နေသည်ကို တွေ့ရခြင်းပင်တည်း။

'ညက လူတွေစုပြီး သမီးကို လာကယ်ကြတော့ မီးတုတ်တွေ ကိုင်လာကြတယ်၊ အဲဒီကနေ လောင်လာတာ ထင်ပါရဲ့'

ဘွားဘွားက မှတ်ချက်ပြုတော့...

'စာခြောက်ရုပ်တွေချည်း ဘာလို့ ကွက်လောင်ရတာတုန်း'

ဟု ရေရွတ်မိသည်။ ဘွားဘွားက ဆက်ကာ...

'ဒီနားမှာ မီးလောင်လွယ်တာဆိုလို့ ကောက်ရိုး

www.burmeseclassic.com

www.burmeseclassic.com



ခြောက်တွေနဲ့ လုပ်ထားတဲ့ အဲဒီစာခြောက်ရုပ်တွေပဲ ရှိတာပဲ၊ ဒါမှမဟုတ်ရင်လည်း သံဟိတ်ပဲ ရှိသွားခဲ့တာလား'

ဒီလောက်ထွက်ပြေးသွားခဲ့ရသူက ဘယ်လိုရှိနိုင်မှာလဲဟု တွေးမိသော်လည်း စောဒကမတက်မိတော့။ မည်သို့ဆိုစေ ထိုအကြောင်းအရာမှာ သူမ မတွေးဘဲထားလိုက်သော ပုစ္ဆာတစ်ပုဒ်အဖြစ် တစ်သက်တာတည်ရှိသွားတော့မည်ဖြစ်သည်။

ယုန္တယ်ကိုသာ တိုးတိုးတိတ်တိတ်မေးကြည့်မိ၏။

'နင် ငါ့ရင်ဘတ်ပေါ်လက်လာတင်တာ ငါသတိရလာမှလား၊ မေ့မသွားခင်ကတည်းကလားဟင်'

'ဟဲ့… ငါတို့က နင်မေ့သွားမှ တဲထဲရောက်ကြတာလေ၊ နင့်အဘိုးတွေပြန့်ခေါ်ပြီး ငါတို့လာလို့ တဲနားအရောက် ငယ်သံပါအောင် နင်တစ်ချက်အော်လိုက်သံကြားတာပဲ၊ တို့တွေ စိတ်ပူသွားပြီး အမြန်ဝင်ကြတော့ နင်က မေ့နေပြီ'



'အဲဒီတော့ ငါ့ရှေ့မှာ ဘယ်သူရှိလဲ'

'ဘယ်သူမှ မရှိဘူး'

'ဟို… စာခြောက်ရုပ်ကြီးရော မရှိဘူးလားဟင်'

'မရှိဘူးနဲ့ တူတယ်၊ မမှတ်မိတော့ဘူးဟာ၊ အဲဒီတုန်းက ရှုပ်ထွေးနေတာပဲ'

သူမ သတိလစ်အပြီး ယုန္တယ်လက်လာတင်သည်ကိုပဲ ထင်ယောင်ဓိုးတဝါးနှင့် အတွေးတွေရှုပ်သွားမိသလား မပြောတတ်ပါ။

မည်သို့ဆိုစေ၊ ယင်းအကြောင်းအရာသည်လည်း သူမ မတွေးဘဲထားလိုက်သော ပုစ္ဆာတစ်ပုဒ်အဖြစ် တစ်သက်တာပါဝင်သွားတော့မည် ဖြစ်လေတော့သည်။

ဒဿလကျော်စွာ

www.burmeseclassic.com